Embassy of the United States of America
Rangoon, Burma
110, University Avenue
Kamayut Township
Tel: (95-1) 536509
Email: IVRangoon@state.gov

သင်၏အခြေစိုက်ဗီဇာခေါ်စာ (Petition) အားအမျိုးသားဗီဇာဌာန (NVC) မှခွင့်ပြုပြီးနောက်လျှောက်လွှာကြေးပေးသွင်းခြင်းနှင့်စာရွက်စာတမ်းများအားအမျိုးသားဗီဇာဌာနသို့တင်ပြခြင်းများဆောင်ရွက်ပြီးပါက သင်၏ အင်တာဗျူး ရက်ချိန်းအတွက် အကြောင်းကြားစာကို ရရှိပါလိမ့်မည်။ အင်တာဗျူးဝင်ရန်ရက်ချိန်း အကြောင်းကြားစာကိုလက်ခံရရှိပြီးသည့်နောက် သင်ရော သင်နှင့်အတူအခြေစိုက် ဗီဇာလျှောက်ထားသော မိသားစုဝင်များသည် အင်တာဗျူးဝင်ရန် အတွက်ပြင်ဆင်ရန် အရေးကြီးပါသည်။ အကယ်၍အကြောင်းကြားစာ မရရှိသေးပါက ကျေးဇူးပြု၍ သင်၏လျှောက်လွှာအခြေအနေကို ဤနေရာ တွင်စစ်ဆေးရန်နှင့် NVC မှပေးထားသောညွှန်ကြားချက်များကိုလိုက်နာပါ။ အကယ်၍ သင်သည် priority date ရက်ရောက်ရှိရန်စောင့်ဆိုင်းနေပါက ကျေးဇူးပြု၍ Visa Bulletin တွင်စစ်ဆေးပါ။

သင်၏လျှောက်လွှာအတွက် အောက်ဖော်ပြပါစာရွက်စာတမ်းများ လိုအပ်ပါသည်။ အကယ်၍ဤစာရွက်စာတမ်းများကို သို့မပေးပို့ရသေးပါက မူရင်းစာရွက်စာတမ်းများကို ဘာသာပြန်မူရင်းများနှင့်အတူ အင်တာဗျူးနေ့တွင် ယူဆောင်လာရန် လိုအပ်ပါသည်။ အင်တာဗျူးရက်တွင် ထိုစာရွက်စာတမ်းများ တင်ပြရန်ပျက်ကွက်ပါက သင်၏ဗီဇာအတွက်နှောင့်နှေးပါလိမ့်မည်။

၁။ Form DS-5537 — အကယ်၍သင်သည်မြန်မာနိုင်ငံသားမဟုတ်ခဲ့ပါက DS-5537 Form ဖြည့်ရန်မလိုသည်ကိုကျေးဇူးပြု၍မှတ်သားထားပါ။

၂။ **နိုင်ငံကူးလက်မှတ်** — အမေရိကားသို့ဝင်ရန်ရည်ရွယ်ထားသောအချိန်တွင် သက်တမ်းအနည်းဆုံး ၆ လ ရှိရမည်။ ဓာတ်ပုံပါ နိုင်ငံကူးလက်မှတ်စာမျက်နှာမိတ္တူ ၁ စုံပါရှိရမည်။

၃။ **ဓာတ်ပုံများ** — ၂ X ၂ လက်မပတ်လည် မျက်မှန်မပါသော နောက်ခံအဖြူရောင် ရောင်စုံဓာတ်ပုံဖြစ်၍ ဓာတ်ပုံသက်တမ်းသည် ၆လထက်မကျော်သောဓာတ်ပုံ ၂ ပုံ။ လိုအပ်သော ဓာတ်ပုံပုံစံ ရှင်းပြချက်ကို ဤနေရာ တွင်ကြည့်ပါ။

၄။ **မွေးစာရင်းလက်မှတ်** — မွေးစာရင်းလက်မှတ်မူရင်းနှင့် နိုထရီဘာသာပြန်မူရင်းအပြင် ၎င်းတို့၏မိတ္တူ ၁ စုံစီ။ အကယ်၍သင့်တွင်မွေးစာရင်းလက်မှတ်မရှိပါကပိုမိုသိရှိရန် ဤနေရာ ကိုနှိပ်ပါ။

သတိပြုရန်။ ဗီဇာလျှောက်ထားသူများ အများဆုံးမှားလေ့မှားထရှိသောအမှားဖြစ်ပါသည်။ ဗီဇာလျှောက်ထားသူများ အများဆုံးစုသည် မွေးစာရင်းလက်မှတ်မရှိပါ။

(အကယ်၍ မွေးစာရင်းလက်မှတ်မရှိတော့ပါက မိမိမွေးဖွားရာမြို့နယ်ကျန်းမာရေးဌာနမှ မွေးစာရင်းလက်မှတ်မိတ္တူမှန်တောင်းယူပါ။ အကယ်၍သင်သည်အသက်၁၀နှစ်ကျော်ပြီး မွေးစာရင်းတခါမှမရှိဖူးခဲ့ပါက မိမိမွေးဖွားရာမြို့ရှိ မြို့နယ်ကျန်းမာရေးရုံးကိုသွားပြီး မွေးဖွားမှတ်တမ်းမရှိကြောင်း တရား၀င်စာကိုတောင်းယူပါ။
ထိုစာကိုသင်၏နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူနှင့် နိုထရီဘာသာပြန်ပါတွဲတင်ပါ။

မွေးစာရင်းမရှိကြောင်းစာကို ဆွေမျိုး၊ ဗီဇာကိုယ်စားလှယ်၊ သားဖွားဆရာမ သို့မဟုတ် ဆေးရုံတို့မှ မယူရပါ။ တရားမ၀င်စာရွက်စာတမ်းများတင်ခြင်းကိုလက်မခံ၍ထိုသို့ပြုလုပ်ခြင်းကြောင့် သင်၏အခြေစိုက်ဗီဇာရရှိရန် နှောင့်နှေးပါလိမ့်မည်။ စာရွက်စာတမ်းအတုများတင်ခြင်းသည် သင့်၏အခြေစိုက်ဗီဇာလျှောက်လွှာ peitition ကို ပြန်ပို့သည်အထိ ဖြစ်နိုင်ပါသည်။

၅။ **လက်ထပ်/ကွာရှင်း/သေဆုံး လက်မှတ်**	မူရင်း၊ နိုထရီဘာသာပြန်နှင့်၎င်းတို့၏ မိတ္တူ ၁ စုံစီ ။ အကယ်၍သင့်တွင် လက်ထပ်၊ကွာရှင်း ၊သေဆုံးလက်မှတ်မရှိပါက ဤနေရာ ကိုနှိပ်၍ ကြည့်ရှုနိုင်ပါသည်။
၆။ **ပြစ်မှုကင်းကြောင်းရဲထောက်ခံစာ**	ရဲစခန်းထောက်ခံစာအသစ်မူရင်းနှင့် နိုတြီဘာသာပြန်။ဗီဇာလျှောက်ထားသူ၏ အသက် ၁၆ နှစ်မှစ၍ ၆ လနှင့် အထက်နေထိုင်သောလက်ရှိ နေထိုင်ရာမြို့၏ရဲစခန်းမှ ပြစ်မှုကင်းရှင်းကြောင်း ရဲစခန်းထောက်ခံစာယူရမည်။ နိုင်ငံခြားတွင် ၁ နှစ်နှင့်အထက် နေခဲ့ဖူးပါကအဆိုပါသက်ဆိုင်ရာ နိုင်ငံ၏ ပြစ်မှုကင်းရှင်းကြောင်းရဲစခန်းထောက်ခံစာကိုပါတင်ပြရမည်။ နိုင်ငံရပ်ခြားတွင်နေထိုင်သူများအတွက်ရဲစခန်းထောက်ခံစာရရှိရန်လက်တွေ့အကျဆုံးနည်းလမ်းမှာမြန်မာနိုင်ငံရှိဆွေမျိုးများ သို့မဟုတ် သူငယ်ချင်းများမှတဆင့်ဖြစ်သည်။
၇။ **ငွေကြေးအထောက်အပံ့သက်သေ**	အမေရိကားမှခေါ်ဆိုသူ၏ငွေကြေး အထောက်အပံ့ကျမ်းကျိန်လွှာ (I-864)၊ အမေရိကားတွင်အခွန်သွင်းပြီးကြောင်း Updated IRS tax transcript ၊ အမေရိကန်နိုင်ငံသား (သို့မဟုတ်) အမြဲတမ်းနေထိုင်သူ Legal Permanent Resident (LPR) ဖြစ်ကြောင်းအထောက်အထား။

ငွေကြေးထောက်ပံ့သူများ၏တာ၀နှ်၀တ္တရားများ

ငွေကြေးထောက်ပံ့သူများ၊ပူးတွဲထောက်ပံ့ပေးသူများနှင့် ဗီဇာလျှောက်ထားသူများသည် I-864 တွင်လက်မှတ်ထိုးခြင်းနှင့် မိမိထောက်ပံ့ပေးထားသောအခြေစိုက်ဗီဇာလျှောက်ထားသူတို့၏အမေရိကန်အစိုးရထံမှငွေကြေးအထောက်အပံ့ယူခြင်းကြောင့် ဖြစ်လာမည့် နောက်ဆက်တွဲအကျိုးဆက်များကို သတိပြုသင့်သည်။ ထိုအချက်အလက်များ ကိုပိုမို သိရှိလိုပါက https://travel.state.gov/i-864 ကိုနှိပ်ပါ။

၈။ **တရားရုံးမှတ်တမ်းများ**	အကယ်၍ရှိခဲ့ဖူးလျှင် မြန်မာမူရင်း၊ နိုထရီဘာသာပြန်နှင့် ၎င်းတို့၏မိတ္တူ ၁ စုံစီ။
၉။ **မွေးစားစာချုပ်**	အကယ်၍ရှိခဲ့ဖူးလျှင် မြန်မာမူရင်း၊ နိုထရီဘာသာပြန်နှင့် ၎င်းတို့၏မိတ္တူ ၁ စုံစီ။
၁၀။ **စစ်မှုထမ်းမှတ်တမ်း**	အကယ်၍ရှိခဲ့ဖူးလျှင် မြန်မာမူရင်း၊ နိုထရီဘာသာပြန်နှင့် ၎င်းတို့၏မိတ္တူ ၁ စုံစီ။

အခြေစိုက်ဗီဇာလျှောက်ထားသူများသည် မည်သည့် အသက်အရွယ်ဖြစ်စေကာမူ National Visa Center (NVC) မှ အင်တာဗျူးရက်ချိန်း ရရှိပြီးမှသာ သတ်မှတ်ထားသောဆရာဝန်နှင့်ဆေးစစ်ရမည်။ ဆေးစစ်ရန်အောက်ဖော်ပြပါဆေးခန်းကို ဆက်သွယ်၍ရက်ချိန်းရယူပါ။

Samitivej International Co. Ltd.

အမှတ် 9E/2 ၊ ကမ္ဘာအေးဘုရားလမ်း၊ မရမ်းကုန်းမြို့နယ်

ဖုန်းနံပါတ် - (+၉၅၁) ၆၅၆၇၃၂ / (+၉၅၁) ၆၆၀၅၄၄

လက်ကိုင်ဖုန်း - (+၉၅၉) ၂၅၃၆၈၆၃၂၀ / (+၉၅၉) ၃၀၅၀၈၂၆၃

အင်တာဗျူးအစတွင် အင်တာဗျူးဖြေဆိုမည့်သူသည် လျှောက်လွှာတွင်ပါဝင်သောကြောင်းအရာများအားလုံးနှင့် အင်တာဗျူးတွင် ကောင်စစ်အရာရှိအားဖြေကြားမည့်အချက်အလက်များအားလုံးသည် မှန်ကန်မှုရှိပါသည်ဟု ကျမ်းကျိန်ရပါမည်။ ကောင်စစ်အရာရှိအားလိမ်လည်ပြောဆိုခြင်း (သို့မဟုတ်) မမှန်ကန်သော အထောက်အထားများတင်ပြခြင်းသည်ပြင်းထန်သောပြစ်မှုမြောက်၍သင်၏ဗီဇာအားငြင်းပယ်သည်အထိဖြစ်စေနိုင်ပါသည်။ နိုင်ငံကူးလက်မှတ်နှင့် ဗီဇာလိမ်လည်မှုများနှင့်ပတ်သတ်၍ အမေရိကန်ပြည်ထောင်စု၏ ဝက်ဘ်ဆိုဒ် ကိုကြည့်ပါ။ ဗီဇာလျှောက်ထားသူများသည် မိမိတို့ဗီဇာရရှိပြီးမှသာလေယာဉ်လက်မှတ်ဝယ်ယူရန်ကျွန်ုပ်တို့မှအကြံပြုအပ်ပါသည်။ အင်တာဗျူးအပြီးတွင်ကောင်စစ်အရာရှိမှဗီဇာခွင့်ပြုသည် ငြင်းသည်ကိုပြောပါလိမ့်မည်။ အင်တာဗျူး ဖြေဆို ပြီးသော ဗီဇာလျှောက်သူများသည်မိမိတို့ဗီဇာအခြေအနေကို ဤနေရာ တွင်ကြည့်နိုင်ပါသည်။